လျှို့ဝှက်

# သတင်းပို့ပုံစံဖြည့်စွက်ခြင်းဆိုင်ရာ လမ်းညွှန်ချက်

ဤလမ်းညွှန်ချက်သည် ရှေ့နေ၊ နိုင်ငံပိုင်ငွေစာရင်းစစ်၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသူများ အတွက် ငွေကြေးခဝါချမှုတိုက်ဖျက်ရေးဆိုင်ရာ သတင်းပို့ပုံစံ ဖြည့်စွက်ရာတွင် အထောက်အကူ ဖြစ်စေရန်ဖြစ်ပါသည်။

၁။ **သတင်းပေးပို့မှုအမှတ်စဉ်/ရက်စွဲ**။ ဤအချက်အလက်အား ဖြည့်စွက်ရာတွင် သတင်းပို့ပုံစံ အား ဖြည့်စွက်ပေးပို့သည့် ရှေ့နေ၊ နိုင်ငံပိုင်ငွေစာရင်းစစ်၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် လူပုဂ္ဂိုလ်/ ကုမ္ပဏီ/အဖွဲ့အစည်းများသည် မိမိပေးပို့သည့် အမှတ်စဉ်ကို ကိုယ်တိုင်သတ်မှတ်ပေးပို့ရန် ဖြစ်ပါ သည်။ ဥပမာအားဖြင့် **A**sia **M**yanmar **Y**adanar Co.ltd မှ ပထမဦးဆုံး နံပါတ်(၁) သတင်းပို့ချက်အား ၃-၁၂-၂၀၂၂ ရက်နေ့တွင် ပေးပို့ခြင်းဖြစ်ပါက 0001/03-12-2022/AMY ဟု သတ်မှတ် ပေးပို့ရန် ဖြစ်ပါ သည်။ ယင်းသို့သတ်မှတ်ရာတွင် သတင်းပို့ချက်အမှတ်စဉ်အား “0000” ဂဏန်း (၄)လုံးဖြင့်လည်းကောင်း၊ သတင်းပေးပို့သည့်ရက်စွဲအား “DD-MM-YYYY” Format ဖြင့်လည်းကောင်း၊ လူပုဂ္ဂိုလ်/ကုမ္ပဏီ/အဖွဲ့အစည်း၏ အမည်အတိုကောက်အား “XXX” အင်္ဂလိပ်အက္ခရာ (၃)လုံးဖြင့် လည်းကောင်း ဖော်ပြ၍ “**သတင်းပို့ချက်အမှတ်စဉ်/ရက်စွဲ/ အမည်အတိုကောက်**”ပုံစံဖြင့် သတ်မှတ် ဖော်ပြပေးရန် ဖြစ်ပါသည်။

၂။ **မှတ်ပုံတင်စာအုပ်တွင် ရေးသွင်းသည့်အမှတ်စဉ်/ရက်စွဲ**။ ဤအချက်အလက်အား ဖြည့်စွက်ရန် အတွက် ရှေ့နေ၊ နိုင်ငံပိုင်ငွေစာရင်းစစ်၊ ဥပဒေဖြင့် အသက်မွေးဝမ်းကျောင်းပြုသည့် လူပုဂ္ဂိုလ်/ကုမ္ပဏီ/အဖွဲ့ အစည်းများသည် မိမိတို့ ဝန်ဆောင်မှုပြုလုပ်ပေးခဲ့သည့် ဆောင်ရွက်မှုတစ်ခုချင်းစီအလိုက် မှတ်ပုံတင် စာအုပ်ဖြင့် စနစ်တကျ မှတ်တမ်းတင်ထိန်းသိမ်းထားရမည်ဖြစ်ပြီး ယင်းတို့အနက် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပေးပို့ရန် လိုအပ်သည့် ဆောင်ရွက်မှုများအား သတင်းပေးပို့ရာတွင် ယင်းဆောင်ရွက်မှုအတွက် မှတ်ပုံတင်စာအုပ်တွင် စာရင်းရေးသွင်းခဲ့သည့် အမှတ်စဉ်နှင့် ရက်စွဲအား ဖော်ပြပေးရန် ဖြစ်ပါသည်။

၃။ **ဝန်ဆောင်မှုပေးသည့် အမျိုးအစား** ။ ဝန်ဆောင်မှု ပြုလုပ်ပေးခဲ့သည့် အမျိုးအစားကို ဖော်ပြရန် ဖြစ်ပါသည်။ ဝန်ဆောင်မှုတစ်ခုထက်ပိုပါက သတင်းပို့ပုံစံတွင် စုစုပေါင်းအား ဖော်ပြ၍ နောက်ဆက်တွဲ စာရွက်ဖြင့် အသေးစိတ်အချက်အလက်များအား ဖော်ပြပေးရန် ဖြစ်ပါသည်။

၄။ **သတင်းပေးပို့လိုသည့် လုပ်ငန်း/ပစ္စည်း တည်ရှိရာနေရာ** ။ မိမိပေးအပ်ခဲ့သည့် ဝန်ဆောင်မှု အတွက် ဝန်ဆောင်မှုပြုလုပ်ပေးခဲ့သည့် လူပုဂ္ဂိုလ်/ကုမ္ပဏီ/အဖွဲ့အစည်း/လုပ်ငန်း/ပစ္စည်းတည်ရှိရာ နေရာကို ဖော်ပြပေးရန် ဖြစ်ပါသည်။

၅။ **သတင်းပေးပို့လိုသူ၏ အမည်၊ နိုင်ငံသားစိစစ်ရေးကတ်အမှတ်၊ ဖုန်းအမှတ်၊ လိပ်စာ** ။ မိမိ သတင်းပေးပို့လိုသည့် လူပုဂ္ဂိုလ်/ကုမ္ပဏီ/အဖွဲ့အစည်း၏ အချက်အလက်များအား ဖြည့်စွက်ပေးရန် ဖြစ်ပါသည်။ တစ်ဦးထက်ပိုပါက ၎င်းတို့အားလုံး၏ အချက်အလက်များနှင့် ဓာတ်ပုံကို လည်းကောင်း၊ ကုမ္ပဏီ/အဖွဲ့အစည်းဖြစ်ပါက ယင်း၏ အမည်၊ ကုမ္ပဏီ/ အသင်းအဖွဲ့ မှတ်ပုံတင် အမှတ်၊ လုပ်ငန်းအမျိုးအစား၊ ဖုန်းနံပါတ်၊ အီးမေးလ်၊ လိပ်စာ စသည့် အချက်အလက်များကို လည်းကောင်း ဖော်ပြရန်ဖြစ်ပါသည်။

၆။ **ပေးပို့သည့်အကြောင်းအရင်း** ။ သတင်းပို့ချက်များ ပေးပို့ရာတွင် ငွေကြေးခဝါချမှု တိုက်ဖျက်ရေးဥပဒေအရ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့သို့ သတင်းပို့ရန် သတ်မှတ် ထားသည့်ပမာဏထက် ကျော်လွန်ကြောင်း တွေ့ရှိ၍ သတင်းပေးပို့ခြင်းဖြစ်ပါက "သတ်မှတ် ပမာဏထက်ကျော်လွန်၍ သတင်းပို့ခြင်း"ဟူသော အချက်တွင်လည်းကောင်း၊ သံသယဖြစ်ဖွယ် အချက်အလက်များ တွေ့ရှိရ၍ သတင်းပေးပို့ခြင်းဖြစ်ပါက "သံသယဖြစ်၍ ပေးပို့ခြင်း" ဟူသော အချက်တွင်လည်းကောင်း အမှန်ခြစ်ဖြင့် ဖော်ပြရန်ဖြစ်ပါသည်။ သတင်းပို့ရန် သတ်မှတ်ထားသည့် ပမာဏ ဆိုသည်မှာ မြန်မာကျပ်ငွေ ဖြစ်ပါက ကျပ်သိန်းတစ်ထောင်နှင့်အထက်၊ နိုင်ငံခြားသုံးငွေ ဖြစ်ပါက အမေရိကန်ဒေါ်လာ တစ်သောင်းနှင့်အထက် သို့မဟုတ် ယင်းနှင့်ညီမျှသည့် အခြားငွေကြေး များကို ဆိုလိုခြင်းဖြစ်ပါသည်။ သတ်မှတ်ပမာဏထက် ကျော်လွန်ခြင်းအား သတင်းပေးပို့ရာတွင် တစ်ကြိမ် တည်းဆောင်ရွက်မှုအားလည်းကောင်း၊ တစ်ဆက်တည်းဆောင်ရွက်သည့် ပြုလုပ်မှုများ အတွက် သတ်မှတ်ပမာဏ ကျော်လွန်ခြင်းအားလည်းကောင်း သတင်းပေးပို့ရမည်ဖြစ်ပါသည်။ ထို့ပြင် သံသယဖြစ်ဖွယ်အချက်အလက် တွေ့ရှိ၍ သတင်းပို့ဖြစ်ဖြစ်ပါက ယင်းသို့သံသယဖြစ်ရသည့် အကြောင်း အရင်းအား ပြည့်စုံစွာရှင်းလင်းဖော်ပြရန် ဖြစ်ပါသည်။ ထိုသို့ ဖော်ပြရာတွင် စာကြောင်းတစ်ကြောင်း တည်းဖြင့် လုံလောက်မှုမရှိပါက သတင်းပို့ပုံစံတွင် အနှစ်ချုပ်ဖော်ပြ၍ သီးခြားစာရွက်တွင် အကြောင်းရင်းကို ပြည့်စုံစွာရေးသားပြီး သတင်းပို့ပုံစံနှင့်အတူ ပူးတွဲပေးပို့ရန်ဖြစ်ပါသည်။

၇။ ဝန်ဆောင်မှုပြုလုပ်ပေးခဲ့သည့် ပမာဏအား ငွေကြေးအမျိုးအစား (ကျပ်၊ အမေရိကန် ဒေါ်လာ၊ ယွမ်၊ ယူရို) စသည်ဖြင့် တွဲ၍ ဖော်ပြရန်ဖြစ်ပါသည်။ ဆောင်ရွက်မှုတစ်ခုထက် ပိုပါက စုစုပေါင်း တန်ဖိုးအား ဖော်ပြ၍ နောက်ဆက်တွဲဖြင့် အသေးစိတ်အချက်အလက်များအား ဖော်ပြရန် ဖြစ်ပါ သည်။ ငွေပေးချေသည့် နည်းလမ်းကို ရွေးချယ်ဖော်ပြရန်နှင့် ငွေပေးချေရာတွင် နည်းလမ်းပေါင်းစုံ ပါဝင်လာပါကလည်း ၎င်းနည်းလမ်းများနှင့် ပမာဏ တို့ကို ဖော်ပြပေးရန်ဖြစ်ပါသည်။ ဥပမာအားဖြင့် ငွေသားဖြင့် သိန်းတစ်သောင်း၊ ချက်လက်မှတ်ဖြင့် သိန်းတစ်ထောင်၊ Wire Transfer ဖြင့်

သိန်းခြောက်ထောင်၊ ပစ္စည်းချင်းဖလှယ်မှုဖြင့် သိန်းရှစ်ထောင် စသည်ဖြင့် ဝယ်ယူ/ရောင်းချမှု တစ်ခု အတွက် ပြုလုပ်သမျှသော ငွေပေးချေမှု နည်းလမ်းများအားလုံးကို ပမာဏများနှင့် အတူတွဲ၍ ဖော်ပြပေးရန်ဖြစ်ပါသည်။ ဘဏ်စနစ်မှတစ်ဆင့် ပေးချေမှုများပါဝင်ပါက အသုံးပြုသည့် ဘဏ်နှင့် ငွေစာရင်းတို့ကို ထည့်သွင်းဖော်ပြပေးရန်ဖြစ်ပါသည်။

၈။ **အခြားသက်ဆိုင်သည့် အချက်အလက်များရှိပါက ပူးတွဲပေးပို့ရန်**။ သတင်းပေးပို့ခြင်းနှင့် စပ်လျဉ်း၍ သတင်းပို့အဖွဲ့အစည်းမှ ရရှိထားသည့် အချက်အလက် အထောက်အထားများ၊ သတင်းပို့ခြင်းခံရသူများနှင့်ပတ်သက်သည့် စာရွက်စာတမ်းအထောက်အထားများ ရှိပါက ပူးတွဲပေးပို့ရန်ဖြစ်ပါသည်။

၉။ မည်သူမည်ဝါက သတင်းပေးပို့ခြင်းဖြစ်ကြောင်း သိရှိနိုင်ရန်အတွက် ဤပုံစံအား ဖြည့်စွက်ပေးပို့သူ၏ အချက်အလက်များအား ဖြည့်စွက်ပေးပို့ရန် ဖြစ်ပါသည်။ သတင်းပေးပို့ရာတွင် လွယ်ကူလျင်မြန်စေရန်အတွက် ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ E-mail လိပ်စာဖြစ်သည့် reporting@myanmarfiu.com သို့ ပေးပို့နိုင်ပြီး ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့မှ သတင်းပို့ချက်လက်ခံရရှိကြောင်း ပြန်ကြားပေးသွားမည်ဖြစ်ပါသည်။

၁၀။ သတင်းပေးပို့ခြင်းနှင့်ပတ်သက်၍ မရှင်းလင်းသည်များရှိပါကလည်းကောင်း၊ သတင်းပို့ပုံစံဖြည့်စွက်ရာတွင် အခက်အခဲများရှိပါကလည်းကောင်း၊ သတင်းပို့ချက်လက်ခံရရှိကြောင်း ပြန်ကြားချက်မရရှိပါကလည်းကောင်း ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၊ ဖုန်းနံပါတ် 09-408866899 သို့ ဆက်သွယ်မေးမြန်းရန်ဖြစ်ပါသည်။ ထို့အပြင် ငွေကြေးခဝါချမှုနှင့် အကြမ်းဖက်မှုကို ငွေကြေးထောက်ပံ့မှုဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ အမိန့်၊ ညွှန်ကြားချက်များ၊ သတင်းပို့ပုံစံများ၊ သတင်းပေးပို့ရန် နည်းလမ်းများနှင့်ပတ်သက်၍ ငွေကြေးဆိုင်ရာစုံစမ်းထောက်လှမ်းရေးအဖွဲ့၏ အင်တာနက်စာမျက်နှာဖြစ်သည့် www.mfiu.gov.mm တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ပါသည်။